


# နေဝင်းစံ
# ဟန်ပြဒီမိုကရေစီအစိုးရအဖွဲ့နှင့်
# နိုင်ငံရေးအကျဉ်းသားများ

အပါအဝင်

နိုင်ငံရေးအနုပညာအတွေးအမြင်ဆောင်းပါးများ

ဟံသာဝတီဦးဝင်းတင်ကို ဂုဏ်ပြုထုတ်ဝေသည်

# နိုင်ငံရေးနိမိတ်ပုံနဲ့ အနုပညာသန္တာန်

နိုင်ငံရေးဆိုတာ ဘာလဲ။ အဓိပ္ပါယ် အမျိုးမျိုး ဖွင့်ကြတယ်။ ကျွန်တော့်စိတ်ထဲ စွဲသွားတဲ့ ဖွင့်ဆိုချက်က အနုပညာ သဘောဆောင်တယ်။ နိုင်ငံရေးဆိုတာတဲ့ ဖြစ်နိုင်ခြေများရဲ့ အနုပညာတဲ့။

ကျွန်တော် စွဲသွားတာလည်း မဆန်းဘူး။ ကျွန်တော်က နိုင်ငံရေးနဲ့ မပွန်းတီးခင် အနုပညာနဲ့ နီးစပ်ခဲ့တယ်။ ပန်းချီ၊ ပန်းပု၊ အနုပညာတွေ လေ့လာ၊ ခံစား၊ ထင်မြင်ချက်တွေ ရေးနဲ့၊ နှစ်ကာလတွေ အတော်ကြာညောင်းခဲ့ဖူးတယ်။ အလုံးအဖန်ထုတွေ ဒြပ်တွေ၊ အရောင်တွေ၊ အသွေးတွေ၊ အဝေးတွေ၊ အနီးတွေကို ငေးတွေးအံ့ချီးရင်း ဖြစ်နိုင်ခြေပုံရိပ် ကုဋ္ဋေကုဋ္ဋာကို တရေးရေး မြင်နေခဲ့ဖူးတယ်။

ဒီမိုကရေစီ အရေးတော်ပုံကြီး ဒီရေမြင့်သစ် တစ်ခေတ်ဆန်းတော့ နိုင်ငံရေး နယ်ထဲ စီးမျောဝဲလွင့်ခဲ့တယ်။ အနုပညာနဲ့ နှိုင်းယှဉ်တင်စားတာကို ကြားသိခဲ့ဖူးတဲ့ နိုင်ငံရေးကို နဖူးတွေ ဒူးတွေ့ တွေ့ပြီ။




အနုပညာနဲ့ နှိုင်းခိုင်းခြင်းပြုခံရတဲ့ နိုင်ငံရေးဟာ အနုပညာထက် အဆများစွာ ပိုမိုနက်နဲ သိမ်မွေ့ပွေလီ ဆန်းပြားပါကလား။ ဒါကြောင့် မြန်မာစကားမှာ တိမ်တောင်သဖွယ် မင်းရေးကျယ်လို့ဆိုတာ ဖြစ်ပေလိမ့်မယ်။

ဒီမိုကရေစီ အရေးတော်ပုံကာလကြီးမှာ ကျွန်တော်နိုင်ငံရေးကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာခဲ့တယ်။ အံ့ဖွယ်ဘနန်း။ ဆန်းကျယ်လှပေစွ၊ နိုင်ငံရေး လုပ်ရပ်တွေကြောင့် ကျွန်တော် အင်းစိန်ထောင်ထဲကို ရောက်သွားတယ်။ နှစ်ပေါင်း ၂၀ နေခဲ့ရတယ်။ ထောင်ထဲမှာ ကျွန်တော် အခွင့်သာ သာသလို နိုင်ငံရေးလေ့လာတယ်။ ဆွေးနွေးတယ်။ လှုပ်ရှားတယ်၊ မင်းပရိယာယ် ငတင့်တယ် နားဝယ်မလည်ရှာ အဖြစ်နဲ့ပဲ ထောင်သက်တွေ ရင့်မာခဲ့တယ်။ နိုင်ငံရေးလေ့လာ

ဆွေးနွေးလှုပ်ရှားမှုတွေကြောင့်ပဲ ကျွန်တော် ထောင်ထဲမှာ ထောင်ထပ်ကျ။ ထောင်ထပ်ကျရာက ထောင်ထပ်ထပ်ကျရနဲ့ ထောင်သံသရာလည်ခဲ့တယ်။ နိုင်ငံရေးအနုပညာကို ကျွန်တော် အ,သုံးလုံး မကျေခဲ့ဘူး။

နေဝင်းစံက နိုင်ငံရေးအနုပညာ အတွေးအမြင် ဆောင်းပါးတွေရယ်လို့ ကင်ပွန်းတပ်လိုက်တဲ့ သူ့ဆောင်းပါးတွေကို ကျွန်တော် ဖတ်ပြီးမှ ရေးပါလို့ တိုက်တွန်းတောင်းဆိုတယ်။ သူ့ဆောင်းပါးတွေက အနုပညာနှစ်ထပ်ကွမ်း ဆောင်းပါးတွေ ဖြစ်တယ်လို့ ဆိုရင် ကဲလွန်းရာ ရောက်မယ်။ ဒါပေမယ့် အနုပညာတင်စားတဲ့ နိုင်ငံရေး ချင်းရာထုပ္ပတ် လူတို့ဇာတ်တွေကို ပတ်နပ်လိမ္မာ အနုပညာမြောက်စွာ ရေးဖွဲ့ထားတယ်လို့ ဆိုရင်တော့ လွန်ရာကျမယ် မထင်ပါဘူး။

ဆောင်းပါးတိုင်းလိုလို အချက်အလက်စုံတယ်။ ကြောင်းကျိုးဆက်နွှယ်တယ်။ ကောက်ချက် ယုတ္တိခိုင်တယ်။ စာရေးသူရဲ့ အာရုံမြှုပ်နှံ သန္တာန်ပြဋ္ဌာန်းမှုတွေကိုလည်း သီးသီးသန့်သန့် တွေ့ရတယ်။ ပုံစံပြမယ်ဆိုရင် ဦးသန့်အရေးအခင်းမှာ အာဏာရှင်အစိုးရရဲ့ နည်းပရိယာယ်တွေကို ကြည့်။ စာရေးသူ နိုင်ငံရေးနိမိတ်ပုံရယ်လို့ သုံးသပ်တယ်။ အဲဒီ နိုင်ငံရေး နိမိတ်ပုံဟာ အနုပညာသန္တာန်ပဲ။ ဒီသန္တာန်ဟာ ယနေ့ကာလအထိ ရှင်သန်နေတယ်။

အဲဒီ နိုင်ငံရေး နိမိတ်ပုံ အနုပညာသန္တာန်ရဲ့ ဖြစ်စဉ်က ဒီလို။

ဦးသန့်အရေးအခင်းမှာ အာဏာပိုင်ပါတီနဲ့ ကောင်စီတွေက လမ်းညွှန်ချက်ပေးလိုက်တယ်။

(၁) မိုက်ကရိုဖုန်းကိုလု

(၂) အစိုးရကိုဆဲ

(၃) ဦးသန့်အလောင်းကို ဆွဲထုတ်။

ဒီနည်းဗျူဟာကို နိုင်ငံရေးပုံရိပ်လို့ ဆိုရင် အဲဒီ ပုံရိပ်မှာ

အနုပညာရောင်ပြန်တွေ လျှပ်ပန်းလျှပ်နွယ်လို ပြေးနေတာ တွေ့ရမယ်။
မြည်ဟိန်းတဲ့ လော်စပီကာ အသံလှိုင်းတွေ၊ အစိုးရကိုဆဲတဲ့ ဒေါသဂယက်တွေ၊
အလောင်းဆွဲပြေးတဲ့ လှုပ်ရှားပုံရိပ်တွေ၊ အားလုံးဟာ နိုင်ငံရေးလား၊ အနုပညာလား၊
ပန်းစကြာမှန်ပြောင်းထဲက ရောင်စုံလှိုင်းတွေ၊ ရွှေ့လျားရိုက်ခတ်
ပွဲတင်ထပ်နေတာကို မြင်ရ ကြားရသလို ဖြစ်တယ်။

နေဝင်းစံက နိုင်ငံရေးပုံရိပ်ကို အနုပညာသင်္ကေတ ဟပ်ကြည့်တယ်။
မိုက်ကရိုဖုန်းဆိုတာ ဒီနေ့ခေတ် ပြည်သူ့အသံလား။ အစိုးရကို ဆဲဆိုတာ ဒီနေ့ခေတ်
မီဒီယာတွေလား။ အလောင်းဆွဲထုတ်ဆိုတာ သူ့ပုံရိပ်တွေ ဆုပ်ဖမ်းတယ်။
သင်္ကေတတွေ ပေါင်းနွှေးတယ်။ ကျွန်တော်ကလည်း သူနဲ့အပြိုင် စာဖတ်သူလည်း
ကျွန်တော်တို့ရဲ့ အနုပညာ၊ နိုင်ငံရေး ပန်းစကြာ မှန်ပြောင်းပွဲမှာ ပါဝင်ဆင်နွှဲဖို့
ဖိတ်ခေါ်ပါတယ်။

ဆောင်းပါးတိုင်းလိုလိုမှာ ဒီလိုနိုင်ငံရေးနိမိတ်ပုံတွေ
အနုပညာသင်္ကေတတွေကို တွေ့ရပါလိမ့်မယ်။ ဖတ်ရှုခံစား ကြည့်ကြပါဘိ။



***

## ဆရာနေဝင်းစံနှင့် သူ၏ စာစုများ

ဆရာနေဝင်းစံကို စာရေးဆရာတစ်ယောက် အနေဖြင့် မဟုတ်ဘဲ အင်္ဂလိပ်စာပြဆရာ ဦးနေဝင်းအဖြစ် စတင်သိကျွမ်းခဲ့ပါတယ်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော် ၄၀ ခန့်က စတင်သိကျွမ်းခဲ့ခြင်း ဖြစ်ပါသည်။

သူနှင့် မဆုံဖြစ်သော်လည်း သူ့အကြောင်းကို အများဆုံး ကြားခဲ့ရသည်။ သူ၏ အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက်များမှာ ကျွန်တော်နှင့် ရင်းနှီးသူများ ဖြစ်သောကြောင့်ပင်။ သူသည် ကျောင်းသားဘဝကပင် နိုင်ငံရေးစိတ်ဓာတ် ပြင်းထန်သူ ဖြစ်သည်။ ရန်ကုန်ခရိုင်လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ (ရ.က.သ) အမှုဆောင်တစ်ယောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ ကျောင်းသားအရေးကိစ္စများကို တက်တက်ကြွကြွ ဦးဆောင်ခဲ့သူ ဖြစ်သည်။ သူ့အနေနှင့် နိုင်ငံ့အရေး၊ နိုင်ငံရေးကို လျစ်လျူရှု၍ မရ။ ကြုံကြိုက်လျှင် ကြုံကြိုက်သည့် နေရာမှဝင်၍ ဆောင်ရွက်မြဲ။ ထို့ကြောင့်ပင် သက်ဆိုင်ရာမှ ဖမ်းဆီးအရေးယူခြင်း ခံခဲ့ရသည်။ နိုင်ငံရေး အကျဉ်းသားတစ်ယောက်အဖြစ်မှ လွတ်မြောက်လာသည့်အခါတွင်လည်း နိုင်ငံ့အရေးကို သူ လျစ်လျူရှု၍ မရ။ တက်ကြွစွာ လှုပ်ရှားဆဲပင်။



ဆရာနေဝင်းစံနှင့် ပတ်သက်၍ ကျွန်တော် အံ့ဩမိသော အချက်တစ်ခု ရှိသည်။ အင်္ဂလိပ်စာပြဆရာ တစ်ယောက်ဖြစ်၍ အင်္ဂလိပ်စာနှင့် ပတ်သက်သော အသုံးအနှုန်း အရေးအသား ကျွမ်းကျင်ပိုင်နိုင်သည်ကို ကျွန်တော် မအံ့ဩပါ။ မြန်မာစာ၊ မြန်မာစကား၊ မြန်မာအရေးအသား ပိုင်နိုင်သည်ကိုမူ အံ့ဩပါသည်။ ထို့အပြင် နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေး၊ စာပေ၊ အနုပညာ၊ သဘင်၊ ဂီတ စသည်ဖြင့် ထောင့်စုံဘက်စုံကို ကျွမ်းကျင်အောင် လေ့လာသည်။ သုတေသန ပြုသည်။ ခိုင်လုံတိကျမှ ရေးသားသည်။ ဖွီးဖြန်းဝေ့ဝိုက်၍ မရေး၊ ပြုသမျှ

နေရရှာသည့် ဇာတ်ဆရာကြီး ဦးဘိုးစိန် (သို့မဟုတ်) ဦးဘိုးစိန်၏ သမိုင်းကျမ်းစာအုပ်ကို ရေးသားခဲ့သည်။ ထိုစာအုပ်ကို လေ့လာကြည့်လျှင် သူ့ပညာ၊ သူ့သဘာ၊ သူ့စေတနာတို့ကို တွေ့မြင်နိုင်မည် ဖြစ်ပါမည်။ ယခု ဤစာအုပ်တွင်လည်း လေ့လာကြည့်က သိရှိနိုင်ပါသည်။ ယခင်က အဘ အခုတော့ အစ်မဟု ခေါင်းစဉ်တပ်ထားသော သူ၏ ဗန်းတင်ဆောင်းပါးတွင် နိုင်ငံရေးလောကဓံနှင့် အကူးအပြောင်းများ အကြောင်းကို ရေးထားသည်။ သူခိုးဖြစ်လျှင် ရိုးသားခြင်းကို အပြစ်ဆိုရပေလိမ့်မည် ခေါင်းစဉ်အောက်တွင် သူ၏ ဒဿနများကို တွေ့ရသည်။ ချင်းတွင်းမြစ်ကြီး ကျန်းမာပါရဲ့လား။ နမ့်စလုန်း (သို့မဟုတ်) သလ္လာဝတီ (သို့မဟုတ်) ချင်းတွင်းမြစ်၊ DKB Army စစ်ဌာနချုပ်သို့ အလည်တစ်ခေါက် ဟူသော ဆောင်းပါးများတွင် တိုင်းပြည်အနာဂတ်အတွက် ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ဝေဖန်ပြထားသည်များကို ဖတ်ရှုရသည်။

ပြန်ဆိုတေးများနှင့် ကခုန်ခြင်း၊ ဘာတွေဟောကြမှာလဲ၊ သီချင်း ဆို၍ ငိုရသည်၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် ဂရိတ်ဦးဘိုးစိန် စသည့် ဆောင်းပါးများတွင် စာပေ၊ ဂီတ၊ ဇာတ်သဘင်၊ အနုပညာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆရာနေဝင်းစံက မီးမောင်းထိုးပြထားသည်။

ဆရာနေဝင်းစံသည် ကိုယ်တိုင်သိ၊ ကိုယ်တိုင်မြင်၊ ကိုယ်တိုင် ခံစားမှုများအပေါ်တွင်သာ မူတည်၍ စာပေးရေးသားသူ ဖြစ်သည်။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဖြီးဖြန်းရေးသားတတ်သူ မဟုတ်။ ဦးသန့် အရေးအခင်းနှင့် နိုင်ငံရေးနိမိတ်ပုံ ဆောင်းပါးတွင် "ထိုစဉ်က ကျွန်တော် တာမွေမြို့နယ် ပြည်သူ့ကောင်စီဝင်၊ အချိန်ပိုင်း တရားသူကြီးတစ်ဦး ဖြစ်နေပါသည်။"

စစ်အစိုးရသည် ရန်ကုန်မြို့တွင်းရှိ ပါတီနှင့် ကောင်စီအဖွဲ့ဝင် တို့အား သက်ဆိုင်ရာ မြို့နယ်အလိုက် အစည်းအဝေး ခေါ်လိုက်ပြီး အောက်ပါလုပ်ငန်းစဉ်ကို ချပေးလိုက်ပါသည်။

၁။ တက္ကသိုလ်ကျောင်းဝင်းထဲဝင်ပြီး မိုက်ကရိုဖုန်းကို ရအောင်ယူပါ။

၂။ မိုက်ကရိုဖုန်းရလျှင် အစိုးရဆန့်ကျင်ရေးစကားများ ပြောပါ။

၃။ ပြီးလျှင် ဦးသန့်ရုပ်ကလာပ် အပြင်ရောက်ရေး လှုံ့ဆော်ကြိုးစားပါဟူ၍ ဖြစ်ပါသည်။

အကယ်၍ အချိန်တန်၍ မှ ဤကိစ္စ မအောင်မြင်လျှင် "နဂါး... ဟေ့" ဆိုသည့် စကားဝှက်သံကို နားထောင်ပါ။ ကြားသည်နှင့် လွတ်ရာကို ပြေးကြရန် ဖြစ်ပါသည်" ဟု သူက ဖော်ပြထားသည်။

ဤစာအုပ်တွင်ပါရှိသော ဆရာနေဝင်းစံ၏ သုတ၊ ရသစာစုများသည် ဆရာ၏ အတွေးအခေါ်၊ အယူအဆ၊ အထင်အမြင်တို့ကို ပေါ်လွင်အောင် ဖော်ပြနိုင်စွမ်းရှိသော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်ဟူ၍ ကျွန်တော် ဆိုချင်ပါသည်။ ဆိုရဲပါသည်။ ဆိုပါသည်။

ချစ်ခင်လေးစားစွာဖြင့်



မောင်သိန်းလွင်

***

# ချင်းတွင်းမြစ်ကြီး ကျန်းမာပါရဲ့လား

ချင်းတွင်းသည် ဧရာဝတီမြစ်ကြီး၏ ညာလက်ရုံး မြစ်ကြီးဖြစ်သည်။ ဧရာဝတီကဲ့သို့ပင် တနိုင်း(တနဲ)မြစ်၊ ထရုံနှင့် တာဝမ်မြစ်တို့ ပေါင်းစုံကာ မြောက်မှတောင်သို့ လေးညို့မှ ပစ်လွှတ်လိုက်သည့်မြား သဏ္ဌာန်ပမာ၊ ရေစီး အဟုန်ပြင်းလှစွာ ပြေးဆင်းလာသည့် မြစ်တစ်စင်းဖြစ်သည်။ ထို့ကြောင့် 'မြားမြစ်'၊ ပါဠိဘာသာဖြင့် ''သဏ္ဍာဝတီ''မြစ်ဟု တွင်ခဲ့ခြင်းဖြစ်သည်။



# ချစ်တွင်းမြစ်ကြီး ကျန်းမာပါရဲ့လား

ချင်းတွင်းသည် ဧရာဝတီမြစ်ကြီး၏ ညာလက်ရုံး မြစ်ကြီးဖြစ်သည်။ ဧရာဝတီကဲ့သို့ပင် တနိုင်း (တနဲ)မြစ်၊ ထရုံနှင့် တဂမ်မြစ်တို့ ပေါင်းစုံကာ မြောက်ဘက်တောင်သို့ လေးညှို့မှ ပစ်လွှတ်လိုက်သည့်မြား သဏ္ဍာန်ပမာ၊ ရေစီးအဟုန် ပြင်းလှစွာ ပြေးဆင်းလာသည့် မြစ်တစ်စင်း ဖြစ်သည်။ ထို့ကြောင့် "မြားမြစ်"၊ ပါဠိဘာသဖြင့် "သလ္လာဝတီ" မြစ်ဟု တွင်ခဲ့ခြင်းဖြစ်သည်။

ရှေးပဝေသဏီကာလတွင် ကုန်းမြင့်တောင်တန်းနေ သွေးချင်းတို့အား မြေပြန့်ကွင်းပြင် နေသူတို့က ခြုံငုံသိမ်းကျုံး၍ "ချင်း" ဟု ခေါ်တွင်လာခဲ့သည်။ ထိုကုန်းမြင့်တောင်တန်းနေ "ချင်း" တို့ ဒေသတွင်း၌ ဖြတ်သန်းစီးဆင်းနေခြင်းကို အကြောင်းပြုပြီး ချင်းတွင်းမြစ်ဟူသော အမည်တစ်ခုတိုး၍ "သလ္လာဝတီ" ခေါ် "ချင်းတွင်းမြစ်" ဖြစ်လာသည်။

သလ္လာဝတီဟူသော အမည်နာမဖြင့် လျင်မြန်ခြင်းဂုဏ်ရောင် တောက်ပခဲ့သော မြားမြစ်၏ ခရီးလမ်းကား ယခုအခါတွင် မဖြောင့်တန်းတော့သဖြင့် စီးဆင်းအားမှာလည်း မသန်စွမ်း၊ မလျင်မြန်နိုင်ရှာတော့ပေ။

ယခင်က တောရိပ်၊ တောင်ရိပ်တို့ အုပ်မိုးထားခဲ့သည့် မြသားကမ္ဗလာ ရေကြည်ပြာတို့မှာ ယခုအခါ၌ ရေညိုမှောင်၊ ရေညစ်၊ ရေဆိုးတို့ဖြင့် ဗွက်ထညစ်ထေးလျက် နွံနစ်ရေဘဝဖြင့် အလှပျက်နေပြီ ဖြစ်သည်။

ချင်းတွင်းမြစ် ဂဲယာဒေသ အနှံ့အပြားတို့မှ ရွှေရှာသူတို့၏ စီးပွားရေး လုပ်ငန်းကြီးများကြောင့် တောင်ကုန်းတောင်တန်းကြီးများ ပျက်စီးနေသည်။ မြစ်လမ်းတစ်လျှောက်တွင် ကျွန်းသောင်များ အနှံ့ထွန်းကာ ဒဏ်ရာဗလပွဖြင့် နာတာရှည် ရောဂါသည်ကြီး ဘဝသို့ ရောက်နေရရှာလေပြီ ဖြစ်သည်။

သစ်ထုတ်သူ ကုန်သည်ကြီးများကြောင့် သစ်တောများ ပြုန်းတီးကာ

မြေစိုင်မြေခဲများ ထိန်းထားနိုင်စွမ်း မရှိသည်ကတစ်ကြောင်း၊ မိုးအကြီးအကျယ် ရွာသွန်းမှုများနှင့် အခါမဲ့မိုးများကြောင့် ရွံ့နွံများ တိုက်စားကာ စီးဆင်းလာသော တောင်ကျရေများကြောင့် တစ်ကြောင်း အကြောင်းပေါင်း စုံညီကာ သောင်များထွန်းလာခြင်း ဖြစ်သည်။ ယင်းသို့ သောင်များထွန်းခြင်းကြောင့် မြစ်ရေစီးကြောင်းပြောင်း၊ ယင်းပြောင်းသော မြစ်ရေစီးများက ရွာများကို တိုက်စားကာ ကမ်းပါးများ ပြိုကျလာသည်။ အကျိုးကားလူနေအိမ်ခြေများ ပျက်စီးကာ ပြောင်းရွှေ့နေထိုင်ရခြင်းဖြစ်သည်။

မြန်မာအစိုးရသည် အိန္ဒိယအစိုးရနှင့် ပူးပေါင်းပြီး ဟုမ္မလင်းအထက်တွင် "ထမံသီရေကာတာစီမံကိန်း" ကို ၂၀၀၄ ခုနှစ်တွင် စတင်အကောင်အထည် ဖော်ခဲ့သည်။ ယင်းအချိန်က လူပေါင်း ၂၄၀၀ ကျော် ပြောင်းရွှေ့ခဲ့ရပြီး ဖြစ်သည်။ ထို့နောက် ၂၀၀၇ ခုနှစ်တွင် ထိုစီမံကိန်းကို ဆက်လက် အကောင်အထည် ဖော်မည်ဟု နှစ်နိုင်ငံ အစိုးရတို့ ဆုံးဖြတ်ခဲ့ကြပြန်ပါသည်။

ထမံသီစီမံကိန်းအပြင် "ရွှေစာရေးစီမံကိန်း" လည်း ရှိသေးသည်။ ရွှေစာရေးဆည်သည် မုံရွာမြို့နှင့် မိုင် ၂၀ ဝေးသော ချင်းတွင်းမြစ်အရှေ့ကမ်းပေါ်ရှိ ကနီမြို့နယ် ချိုင်ရွာနှင့် သရက်ပင်ရွာအနီးတွင် ရှိသည်။

ထိုစီမံကိန်း နှစ်ရပ်စလုံးအား အိန္ဒိယနိုင်ငံ NHC ရေအားလျှပ်စစ် ကုမ္ပဏီက အကောင်အထည်ဖော် ပြုလုပ်လျက်ရှိပြီး ထမံသီစီမံကိန်းမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀၀ နှင့် ရွှေစာရေးစီမံကိန်းမှ မဂ္ဂါဝပ် ၆၆၀ ကို နှစ်စဉ်ထုတ်ယူသွားမည် ဖြစ်သည်။ ထွက်သမျှ လျှပ်စစ်ဓာတ်အား ၈၀ ရာခိုင်နှုန်းကို အိန္ဒိယဘက်မှ ရယူမည်ဖြစ်သည်။

၂၀၁၁ ဒီဇင်ဘာ (၈)ရက်နေ့က နယူးဒေလီတွင် ကျင်းပပြုလုပ်ခဲ့သော အိန္ဒိယပြည်ရောက် ကွက်ကီးလူမျိုးများ၏ ဆန္ဒပြကန့်ကွက်ပွဲတွင် ဤရေကာတာ စီမံကိန်းကြောင့် ခန္တီးမြို့နယ် တစ်နယ်လုံး အပါအဝင် ရွာပေါင်း (၅၀)ကျော်မှ လူပေါင်း (၄၅၀၀၀) ခန့် ပြောင်းရွှေ့ပေးရမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသံကို

DVB ရုပ်သံလိုင်းမှတစ်ဆင့် မြင်လိုင်ကြားလိုက်ရပေသည်။

ဖောင်းပြင်မြို့ စာပေဟောပြောပွဲကော်မတီ "ချင်းတွင်းစာပေခရီး ၂၀၁၁" တွင် လိုက်ပါလာကြသော အဖွဲ့ဝင်များကို ဝေငှသော လက်ကမ်းစာစောင်တွင် "သလ္လာဂတီနှင့် ဥဒ္ဒနဒီတို့၏ အနာဂတ်" ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

ဟုမ္မလင်းအထက် တစုန်းရွာအနီးတွင် "ထမံသီရေကာတာကြီး" ကို လျှပ်စစ်ဓာတ်အား ထုတ်ယူရန် ဆောင်ရွက်လျက်ရှိရာ ထိုရေကာတာကြီး၏ အထက်တွင် သလ္လာဂတီမြစ်ဖျားမှာ "ရေပင်လယ်ကြီးတစ်ခု" ဖြစ်လာပေလိမ့်မည်။ ရေထုအကျယ်အဝန်းကား ခန္တီးမြို့ သုံးပုံနှစ်ပုံကျော် အနိမ့်ပိုင်းအားလုံးကို လွှမ်းကာ ဇီးဖြူကုန်း ကုန်းခြေအထိ ချင်းနင်းရောက်ရှိသွားမည် ဖြစ်ရာ၊ ရေကာတာနှင့် ခန္တီးကြားက ကျေးရွာများအားလုံး ရေအောက်သို့ ရောက်သွားကြမည် ဖြစ်၏ ။

ယခုလောလောဆယ်တွင် တစုန်းရွာအပါအဝင် နာဂ၊ ရှမ်း၊ မြန်မာ ရွာပေါင်း (၃၀)ကျော်တို့က ရေကာတာကြီး၏ ပြီးမြောက်ချိန်တွင် ပေါ်ပေါက်ရရှိလာမည်ဆိုသည့် အကျိုးစီးပွားကို ခံစားကြမည့် အနာဂတ်မျိုးဆက်များနှင့် နိုင်ငံတော်အတွက် အစတေးခံ၊ အနစ်နာခံကာ လောင်မင်းရွာအနီး ချင်းတွင်းအရှေ့ဘက်ကမ်းတွင် "ရွှေပြည်အေးမြို့သစ်" အဖြစ် ပြောင်းရွှေ့စုပေါင်းကာ နေကြလေပြီ။

ထိုရေပင်လယ်ကြီးမှာ ရေပိုရေလွှဲ ပြုလုပ်နိုင်ရန် ရေလွှဲတူးမြောင်းကြီးတစ်ခုကို ရေပေါ်မီးရွာအနီး၌ ဥရုအတွင်းသို့ သွယ်တန်းဖောက်ချရန် စီစဉ်ထားကြသည် ဆို၏ ။ တစ်နည်းအားဖြင့် နာတာရှည်ဒုက္ခသည်ကြီး သလ္လာဂတီသည် ထိုရေကာတာကြီး မနိုင်ဝန်ကို ထပ်မံထမ်းရွက်ရတော့မည့် အနေသို့ ရောက်လာခဲ့လေပြီ။

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုနှင့်အတူ မမှန်မကန် ရွာသွန်းလာမည့်

အရှိန်အဟုန်ကြီးမား ရမ်းကားတတ်သော မုတ်သုန်နှင့်အခါမဲ့ ပျံ့ကျမိုးများက မမျှော်လင့်ဘဲ ဒုက္ခပေးတတ်သည်ကို အတွေ့အကြုံရှိထားသော သလ္လာဝတီက လွန်စွာပင် စိုးကြောက်နေရှာပါလိမ့်မည်။ မူလရေခံမရှိဘဲနှင့်ပင် မိုးရေချိန်လက်မ (၈)လက်မထက် ရွာသွန်းခဲ့သော မိုးတို့ကြောင့် ခန္တီးမြို့မှာ နေ့ချင်းညချင်း အရှိန်အဟုန် ကြီးမားပြင်းထန်စွာဖြင့် (၇)တောင် (၈)တောင် မြစ်ရေတိုးခါ တစ်ကြိမ်မက ကိုယ်ကျိုးနည်းခဲ့ကြဖူးလေပြီ။ ပစ္စည်းပစ္စယတို့ကို သယ်ထုတ်ရန် မဆိုထားဘိ လူ့အသက်လွတ်ရန်ပင် အိမ်မိုးခေါင်ကို ဖောက်၍ ထွက်ပြေးခဲ့ကြရဖူးလေပြီ။ အနိမ့်ပိုင်းမြို့တစ်ခြမ်းနှင့် ကမ်းနားလမ်းတချို့ ပျက်စီးဆုံးရှုံးခဲ့ရဖူးလေပြီ။

ရေကာတာကြီး ပေါ်ထွန်းလာငြားအံ့။ (၈)လက်မထက်ကျော်သော အဆိုပါ မိုးမျိုးနှင့် ကြုံတိုးရလေငြားအံ့။ အကယ်၍ ရေကာတာကြီး ပေါက်ကျိုး၍ ကြမ္မာဆိုး ကြုံလေငြားအံ့။ ဟုမ္မလင်းမြို့နယ်မှ စတင်ကာ ဖောင်းပြင်၊ မော်လိုက် ကမ်းနားနေ ပြည်သူတို့မှာ ရုတ်တရက်ကျလာမည့် ရေဘေးဒဏ်ကို အပျက်အစီးများစွာဖြင့် သည့်ထက်ဆိုးလျှင် အသက်ပေါင်းများစွာ ပေး၍ ခံကြရပေလိမ့်မည်။

ထိုသို့သော အခြေအနေတွင် ဥရုသို့ သွယ်တန်းဖောက်ချထားသည့် ရေပိုရေလွှဲက ဆင်ပြောင်ကို ခြင်ကောင်ဝါးသည့်ပမာ အရာမထင်နိုင်ပါချေ။ ခန္တီးမှာကြီးသည် မိုးမျိုး၊ ဥရုမြစ်ဖျားမှာ ရွာသွန်းဖြိုးက ခန္တီးထက် ပိုမိုဆိုးဝါးစွာ ဥရုမြစ်ရေက ရုတ်တရက် ချက်ချက် (၁၀)တောင် (၁၅)တောင် တိုးကာ ကမ်းဘေးရွာ အများအပြား ပျက်ကာ တာမခံချောင်းကူးတံတားကြီးပင် ကျိုးခဲ့ဖူးသည့် အဖြစ်များက အထင်အရှား ရှိနေခဲ့သည်။

ထိုထမံသီရေကာတာကြီးသည် သလ္လာဝတီနှင့် ဥရုတို့အတွက် ရတက်မအေးနိုင်သည့် မြွေပွေးခါးပိုက် ပိုက်ထားရသည့် အနေအထား ဖြစ်လာပေလိမ့်မည်။ ကျောက်လုပ်ငန်း ရွှေလုပ်ငန်းတို့ကြောင့် ဘဂပျက်နေကြသော

အလှမြစ်နှစ်စင်းက မြွေပူရာကင်းမှောင့်လာမည့်
ထိုထမံသီရေကာတာစီမံကိန်းကြီးကို ရင်လှိုက်ဖိုမော စိုးရွံ့ဖောကြီးစွာဖြင့် ထမင်းလုံး တစ္ဆေ အခြောက်ခံနေကြမည်မှာ သေချာလှပါ၏။

ကျွန်ုပ်တို့၏ အဖြူရောင်နှလုံးသားကတော့
မူလလာခြင်းကောင်းခဲ့ကြသည့် အလှမြစ် နှစ်စင်းဖြစ်သော သလ္လာဝတီ (ခ) နမ့်စလုံးနှင့် ဥရု (ဥဒ္ဒနဒီ) တို့ကို နဂိုမူလအတိုင်း အလှမပျက်ဘဲ ဘဝဆက်ခွင့်ရကြစေချင်ပါသည်။ ၎င်းတို့၏ အလှတရားများနှင့်အတူ မြစ်ပုမ်းနှစ်ခုရှိ ဒေသအားလုံး၏ အလှတရားများနှင့် ထာဝရပေါင်းဆုံကာ စီးဆင်းနေခွင့် ရစေချင်ပါသည်။

အလှမြစ်နှစ်စင်း ထာဝရစီးဆင်းနိုင်ကြပါစေ။

***

(၂၈-၁၁-၂၀၁၁) နေ့က ကျွန်တော်တို့ ကလေးဝမြို့နယ်၊ ဂဇက်ကျေးရွာရောက်စဉ်၊ စာပေဟောပြောပွဲစီစဉ်သူ ရပ်မိရပ်ဖဦးကြည်လှိုင်က လွန်ခဲ့သော ရက် (၂၀)ခန့်က ကလေးမြို့တွင် ရေကြီးရေလျှံသဖြင့် မြို့အဝင်ခန်းမကြီး ရေမြုပ်သွားကြောင်း မြို့အဝင်နားရှိ စပါးခင်းများ၊ စပါးစက်များပါ ရေမြုပ်သွားကြောင်း မြစ်သာမြစ်တစ်ဖက်မှ တောက်လျှောက်စီးလာသော မြစ်ရေကြောင့် ဤသို့ နစ်မြုပ်ရခြင်း ဖြစ်ကြောင်း၊ ယင်းမြစ်ရေသည် မကွေးတိုင်းမှ ပြန်ဝင်ပြီး စစ်ကိုင်းတိုင်းထဲသို့ ရောက်ရှိလာခြင်း ဖြစ်ကြောင်း ပြောပြသည်။

စစ်ကိုင်းတိုင်းအထက်နားတွင် မြေငလျင်ကြော ရှိသည်။ မိုးများပြီး အဆက်မပြတ် ရွာသွန်းတတ်သည်။ ထို့ကြောင့် ပခုက္ကူကဲ့သို့ဖြစ်မှာ စိုးရိမ်ရသည်ဟု ဇလဗေဒ ပညာရှင် ဦးထွန်းလွင်က ကျွန်တော့်ကို “ချင်းတွင်းစာပေခရီး” မသွားမီ

ပြောပြပါသည်။

ထမံသီသစ်တောသားငှက်ဝန်ထမ်း ကိုမျိုးဝင်းက ရစ်ချက်တာစကေး (၄.၅) ခန့်ရှိသော မြေလျှောင် မကြာခဏ လှုပ်လေ့ရှိကြောင်း ကျွန်တော့် ထမံသီ ရောက်စဉ် ပြောပြပါသည်။

မင်းကင်းစာပေကော်မတီ အတွင်းရေးမှူး အလယ်တန်းပြဆရာ ဦးမောင်မောင်ဆွေက ချင်းတွင်းမြစ်ရေကို ယခင်က သောက်၍ ရကြောင်း၊ ယခုအခါ ချိုး၍ ပင်မရတော့ကြောင်း၊ ထို့ကြောင့် စက်ရေတွင်း တူးပြီး သူတို့သောက်သုံးနေကြကြောင်း၊ ထို့အပြင် ယခုအခါ ချင်းတွင်းမြစ်ကြီး ကောလိုက်လာပြီဖြစ်ကြောင်း၊ နွေရာသီတွင် မင်းကင်းသို့ သင်္ဘောဝင်၍ မရတော့ကြောင်း၊ ဆောင်းတွင်းမှာပင် ချင်းတွင်းမြစ် အရှေ့ဘက် မြစ်လက်တက်မှနေ၍ လျှည့်ဝင်နေရကြောင်း ခရီးသည်းများ သင်္ဘောနှင့် လိုက်လိုပါက သံတောင်တောသို့ သွားရောက်စီးနေရကြောင်း ပြောပြပါသည်။

ချင်းတွင်းမြစ်သည် မုံရွာမှ ခန္တီးအထိ ရေမိုင် (၁၀၀၀) ကျော်မျှ ရှည်လျားပါသည်။ ချင်းတွင်းမြစ်ဝှမ်းဒေသမှ ပြည်သူလူထုသည် ဆက်သွယ်ရေးလမ်းကြောင်း အဖြစ် ချင်းတွင်းမြစ်တစ်ခုတည်းကိုသာ အားကိုးအားထား ပြုနေရပါသည်။

ထမံသီရေကာတာသည် ဧရာဝတီမြစ်ဆုံ ရေကာတာထက် ကြီးမားကြောင်း သိရပါသည်။ ထမံသီရေကာတာ ပေါက်ကွဲပျက်စီးသွားခဲ့လျှင် ချင်းတွင်းမြစ်အထက်ပိုင်းမှ အောက်ပိုင်း မုံရွာအထိ နေထိုင်သူ အပေါင်း၏ ကြမ္မာ မတွေးဝံ့စရာ ဖြစ်ပါသည်။ ထမံသီရေကာတာသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် မကိုက်ညီကြောင်း ပြောသံများလည်း ကြားနေရပါသည်။ ထို့ကြောင့် ဧရာဝတီ၏ ညာလက်ရုံးမြစ်ကြီး "ချင်းတွင်း" ပျက်စီးသွားခဲ့သော် "ဧရာဝတီ" ပါ ထိခိုက်မည်မှာ အမှန်ပင် ဖြစ်ပါကြောင်း။

**ဒီလှိုင်းစာစောင်**

**အတွဲ (၁)၊ အမှတ်(၄)၊ တနင်္လာနေ့ (၆-၂-၂၀၁၂)**

***

ဤစီမံကိန်း ၂ ခုကို ဆိုင်းငံ့ထားရန် "နိုင်ငံတော်သမ္မတက ၂၀၁၃ ဖေဖော်ဝါရီ (၁၉)ရက်က လမ်းညွှန်မှုပေးထားသဖြင့် ဆိုင်းငံ့ထားကြောင်း သိရသည်။

ဤအကြောင်း အပြည့်အစုံကို "သတင်းသမားတစ်ဦး" က (၃၀-၇-၂၀၁၃) အင်္ဂါနေ့ထုတ် ပြည်ထောင်စု နေ့စဉ်သတင်းစာတွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားပါသည်။

***

## ထမံသီနှင့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းနှစ်ခု ဆိုင်းငံ့ထားခြင်းအကြောင်း သတင်းမှတ်စု

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်းရှိ ရေအားသယံဇာတ အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချ၍ တိုးတက်လိုအပ်နေသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် "ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" ဟူသော နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ရေအားလျှပ်စစ်စီမံကိန်းများကို ပြည်ပကုမ္ပဏီများ၊

ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အဓိက မြစ်ကြီးတစ်စင်းဖြစ်သော ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင်လည်း ဖြစ်နိုင်ခြေရှိသည့် ရေအားလျှပ်စစ်အရင်းအမြစ်များကို စူးစမ်းလေ့လာခဲ့ရာ မြစ်ကြောင်းတစ်လျှောက် ထမံသီရေအားလျှပ်စစ်စီမံကိန်း၊ မော်လိုက်ရေအားလျှပ်စစ်စီမံကိန်း၊ ရွှေစာရေးရေအား လျှပ်စစ်စီမံကိန်း စသည်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အသေးစိတ် လေ့လာမှုများ ဆက်လက်ဆောင်ရွက်ခဲ့သည်။

ထမံသီရေအားလျှပ်စစ် စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ဟုမ္မလင်းမြို့၏ မြောက်ဘက် မိုင် ၃၀ အကွာ တဇုန်းကျေးရွာအနီးတွင် တည်ရှိပြီး တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၁၂၀၀ ဖြင့် မဟာဓာတ်အားလိုင်းသို့ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၅၇၃၇ ဒသမ ၄၇ ခန့် ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ရေအားလျှပ်စစ်စီမံကိန်း ဖြစ်သည်။

ထမံသီစီမံကိန်း ဖြစ်မြောက်နိုင်စွမ်း စူးစမ်းလေ့လာမှုများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သော UNDP အဖွဲ့အစည်းက ၁၉၆၂ ခုနှစ်မှ စတင်ကာ လေ့လာဆောင်ရွက်ခဲ့ပြီး ၂၀၀၇ ခုနှစ် မတ်လတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အတိုင်ပင်ခံအင်ဂျင်နီယာ အဖွဲ့အစည်းဖြစ်သော ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် Colenco Power Engineering Ltd. က ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု အစီရင်ခံစာ (Feasibility Assessment Report) ကို ပြုစုတင်ပြခဲ့သည်။

၎င်းနောက် ထမံသီနှင့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရနှင့် အိန္ဒိယနိုင်ငံ အစိုးရများအချင်းချင်း

(Government to Government G to G) စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံ National Hydroelectric Power Corporation Ltd (NHPC) တို့သည် ၂၀၀၈ ခုနှစ် ဩဂုတ်လ ၁၆ ရက်တွင် နားလည်မှု စာချွန်လွှာ (Memorandum of Understanding MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။ NHPC Ltd မှ Colenco Power Engineering Ltd ၏ ထမံသီစီမံကိန်း Feasibility Assessment Report အပေါ် အခြေခံ၍ စူးစမ်းလေ့လာမှုများ ထပ်မံဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် စီမံကိန်းဆိုင်ရာ အသေးစိတ်အစီရင်ခံစာ (Detailed Project Report-DPR) ကို ပြုစုတင်ပြခဲ့သည်။

အဆိုပါ ထမံသီစီမံကိန်း၏ အသေးစိတ် အစီရငခံစာအပေါ် အသေးစိတ်လေ့လာသုံးသပ်မှုများ ပြုလုပ်ခဲ့ရာ စီမံကိန်းသည် ဘူမိဗေဒအခြေအနေ ရှုပ်ထွေးခြင်း အောက်ခံ ဘူမိဗေဒ အခြေအနေအရ စီမံကိန်း အဆောက်အအုံ၏ ကုန်ကျစရိတ်များ ပိုမိုမြင့်မားခြင်း စသည့် အခြေအနေများကို တွေ့ရသည်။ စီမံကိန်ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်အရလည်း Total Static Cost မှာ အမေရိကန်ဒေါ်လ ၂၈၄၅ ဒသမ ၆၂၈ သန်း၊ တစ်ယူနစ် ကုန်ကျစရိတ် ၂ ဒသမ ၃၇၀ MUSD/MW ဖြစ်ပြီး Total Dynamic Cost မှာ အမေရိကန်ဒေါ်လာ ၃၈၄၉ ဒသမ ၂၀၈ MUSD/MW ရှိမည် ဖြစ်သည်။ စီမံကိန်းကုန်ကျစရိတ်၊ ဓာတ်အားရောင်းချမှုဈေးနှုန်းနှင့် ဈေးကွက်အခြေအနေများအရ စီးပွားရေးရလဒ် အားနည်းသည့် (Economically Unviable) စီမံကိန်းတစ်ခုအဖြစ် စိစစ်တွေ့ရှိရသည်။

၎င်းအပြင် စီမံကိန်း၏ ရေဖုံးလွှမ်းမည့် ဧရိယာ ၅၃၉ စတုရန်းမိုင်ရှိသည့်အတွက် ဧရိယာကျယ်ပြန့်ကြီးမားသည်။ ခန္တီးမြို့မှာ ရေဝပ်ဧရိယာအတွင်း လုံး၀ ကျရောက်မည်ဖြစ်ပြီး ဟုမ္မလင်းမြို့နယ်၊ ခန္တီးမြို့ကနယ်နှင့် လေရှီးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀၀ မှာလည်း စီမံကိန်းကြောင့်

ရေနစ်မြုပ်မည့် ဧရိယာတွင် ပါဝင်နေပါသည်။ ထမံသီတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး နယ်မြေဒေသ ၃၅၁၆၀ ခန့် ရေဖုံးလွှမ်းနိုင်သည့်အတွက် ဇီဝမျိုးစုံမျိုးကွဲနှင့် ရှားပါးတိရစ္ဆာန်များ ဆုံးရှုံးနိုင်သောကြောင့် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိုခိုက်ပျက်စီးမှုများ မြင့်မားလာနိုင်မည် ဖြစ်သည်။

အလားတူပင် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းသည်လည်း စစ်ကိုင်းတိုင်း ဒေသကြီး မုံရွာမြို့နယ် မုံရွာမြို့၏ မြောက်ဘက် ၁၈ မိုင် ၅ ဖာလုံခန့်အကွာ ဘုတလင်မြို့နယ် ရွှေစာရေး ကျေးရွာအနီးတွင် တပ်ဆင်စက်အင်အား ၆၆၀ မဂ္ဂါဝပ်ဖြင့် မဟာဓာတ်အားလိုင်းသို့ နှစ်စဉ် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၁၅၃ ခန့် ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ရေအားလျှပ်စစ်စီမံကိန်း ဖြစ်သည်။

ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း၏ ဖြစ်မြောက်နိုင်စွမ်း အခြေအနေ လေ့လာဆန်းစစ်မှုကို ယခင်အတိုင်ပင်ခံ အဖွဲ့အစည်းဖြစ်သည့် ဂျပန်နိုင်ငံ Kansai အဖွဲ့အစည်းက ကာလအတန်ကြာ အချိန်ယူလေ့လာ တွက်ချက်၍ ၂၀၁၅ ခုနှစ်တွင် Pre-Feasibility Study & Detailed Design Report ကိုပြုစုတင်ပြခဲ့သည်။ ၎င်းနောက် ၁၆-၅-၂၀၀၈ ရက်တွင် ထမံသီစီမံကိန်းနှင့်အတူ MoU လက်မှတ်ရေးထိုး စူးစမ်းမှုများ ဆက်လက်ဆောင်ရွက်ခဲ့ကာ ၂၀၁၂ ခုနှစ် ဧပြီလတွင် စီမံကိန်းဆိုင်ရာ အသေးစိတ်အစီရင်ခံစာ (Detailed Project Report-DPR) ကို ပြုစုတင်ပြခဲ့သည်။

အဆိုပါ အသေးစိတ်အစီရင်ခံစာအပေါ် ပညာမလေ့လာစိစစ်ချက်အရ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ အချက်အလက်များ၊ ရေထုစီးနှုန်း တွက်ချက်မှုများမှာ လက်ခံနိုင်ဖွယ် ရှိသော်လည်း စီမံကိန်းဒေသသည် ဘူမိဗေဒအခြေအနေ ရှုပ်ထွေးခြင်း၊ မီးတောင်လှုပ်ရှားမှုဆိုင်ရာ Reactivation ပြောင်းလဲမှုများနှင့် ဆက်စပ်သည့် မသေချာမှုများ ရှိနေခြင်း စသည့် အချက်များကြောင့် တမံတည်ဆောက်ရာတွင် စဉ်းစားရမည့် ပြဿနာများ

များစွာတွေ့ရှိလာရသည်။ ၎င်းကိစ္စရပ်များနှင့် ဆက်စပ်၍ စီမံကိန်းလျာထားပုံစံ (Project layout) နေရာချထားမှုများနှင့် ရေအားလျှပ်စစ်ဆိုင်ရာ အဆောက်အအုံများအတွက် ဒီဇိုင်းပုံစံ သတ်မှတ်မှုများတွင် အထူးဂရုပြု ဆောင်ရွက်ရမည့် အခြေအနေများကို တွေ့ရှိလာရသည်။



စီမံကိန်းရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်အရလည်း Total Static Cost မှာ အမေရိကန်ဒေါ်လာ ၂၅၀၄ ဒသမ ၇၂ သန်း၊ တစ်ယူနစ် ကုန်ကျစရိတ် ၂ ဒသမ ၈၄၆ MUSD/MW ဖြစ်ပြီး Total Dynamic Cost မှာ အမေရိကန်ဒေါ်လာ ၃၅၂၃ ဒသမ ၆၈ သန်း၊ တစ်ယူနစ် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၀၅ MUSD/MW ရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ အခြားရေအားလျှပ်စစ် စီမံကိန်းများ၏ တစ်ယူနစ် ကုန်ကျစရိတ်နှင့် နှိုင်းယှဉ်ပါက အများဘက်သို့ လွန်စွာရောက်ရှိနေသည်ကို သုံးသပ်ရရှိသည်။ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းသည် ထမံသီရေအားလျှပ်စစ် စီမံကိန်းကဲ့သို့ပင် အထူးထောက်ပံ့ပေးမည့် အခြေအနေများ မရှိခဲ့ပါက

စီးပွားရေးရလဒ် အားနည်းသည့် (Economically Unviable) စီမံကိန်းအဖြစ် သုံးသပ်တွေ့ရှိရသည်။

ငွင်းအပြင် ကနီမြို့မှာ စီမံကိန်း၏ ရေဝပ်ဧရိယာအတွင်း၌ လုံးဝကျရောက်မည် ဖြစ်ပြီး ကလေးဝမြို့နယ်၊ ကနီမြို့နယ်နှင့် မင်းကင်းမြို့နယ်တွင်းရှိ ကျေးရွာ ၁၉၈ ရွာမှာလည်း စီမံကိန်းကြောင့် ရေနစ်မြုပ်မည့် ဧရိယာတွင် ပါဝင်နေပါသည်။ သို့ဖြစ်ပါ၍ လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်ပျက်စီးမှု ပမာဏ ကြီးမားစွာ ရှိလာနိုင်မည်ကို သုံးသပ်တွေ့ရှိရသည်။

ထမံသီရေအားလျှပ်စစ် စီမံကိန်းနှင့် ရွှေစာရေးရေအားလျှပ်စစ် စီမံကိန်းတို့၏ စီမံကိန်းဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကိစ္စအပေါ် နည်းပညာ၊ စီးပွားရေးဆိုင်ရာ ရှုထောင့်များမှ သုံးသပ်ချက်များအရ စီးပွားရေးရလဒ်အားနည်းသည့် (Economically Unviable) စီမံကိန်းများဖြစ်သည့်အပြင် လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်မှု (Socaial Impact) နှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်ပျက်စီးမှု (Environment Impact) များ မြင့်မားနိုင်သည့်အတွက် ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ရန် သင့်လျော်မှုမရှိကြောင့် စိစစ်တွေ့ရှိရသဖြင့် နိုင်ငံတော်သမ္မတ “ဆိုင်းငံ့ထားရန်” ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် လမ်းညွှန်မှုပြုထားပြီး ဖြစ်သည်နှင့်အညီ အဆိုပါ စီမံကိန်းနှစ်ခုကို ဆိုင်းငံ့ကြောင်း သိရှိရသည်။

***

## ထမံသီနှင့် ရှေစောရေး ရေအားလျှပ်စစ်စီမံကိန်း ရပ်ဆိုင်းရခြင်း အချက်အလက်အကျဉ်းချုပ်

## စီမံကိန်းတည်နေရာ၊ စက်တပ်ဆင်အားနှင့် ထုတ်လုပ်ဖြန့်ဖြူးမည့်ပမာဏ

ထမံသီစီမံကိန်း

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ဟုမ္မလင်းမြို့၏ မြောက်ဘက် မိုင် ၃၀ ခန့်အကွာ တဖုန်းကျေးရွာအနီး ၁၂၀၀ မဂ္ဂါဝပ်၊ ၅၇၃၇ ဒသမ ၄၇ ကီလိုဝပ်နာရီသန်းပေါင်း

***

ရွှေစာရေးစီမံကိန်း

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မြောက်ဘက် ၁၈ မိုင် ၅ ဖာလုံခန့်အကွာ ရွှေစာရေး ကျေးရွာအနီး ၆၆၀ မဂ္ဂါဝပ်၊ ၄၁၅၃ ကီလိုဝပ်နာရီသန်းပေါင်း ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာ (FSR) ပြုစုခြင်းနှင့် စီမံကိန်းဆိုင်ရာ အသေးစိတ်အစီရင်ခံစာ

***

(DPR) တင်ပြခြင်း

DPR ပါ စီမံကိန်းကုန်ကျစရိတ်များ ရေဝပ်ဧရိယာဆိုင်ရာ ကိန်းဂဏန်းများနှင့် EIA/SIA မြင့်မားမှု

***

ထမံသီစီမံကိန်း

- Total Static Cost အမေရိကန်ဒေါ်လာ ၂၈၄၅ ဒသမ ၆၈၂ သန်း

- တစ်ယူနစ်ကုန်ကျစရိတ် ၂ ဒသမ ၃၇၁ MUSD/MW

- ရေဖုံးလွှမ်းမည့်ဧရိယာ ၅၃၉ စတုရန်းမိုင်၊ ဟုမ္မလင်းမြို့နယ်၊ ခန္တီးမြို့နယ်နှင့် လေရှီးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၀၀ နှင့် ခန္တီးမြို့မှာ ရေနစ်မြုပ်မည့်ဧရိယာတွင် ပါဝင်သည်။

- ထမံသီတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးနယ်မြေဧက ၃၅၁၆၀ ခန့် ရေဖုံးလွှမ်းနိုင်ပြီး ဇီဝမျိုးစုံမျိုးကွဲနှင့် ရှားပါးတိရစ္ဆာန်များ ဆုံးရှုံးနိုင်ခြင်း။

***

ရွှေစာရေစီမံကိန်း

- Total Static Cost အမေရိကန်ဒေါ်လာ ၂၅၀၄ ဒသမ ၇၂ သန်း

- တစ်ယူနစ်ကုန်ကျစရိတ် ၂ ဒသမ ၈၄၆ MUSD/MW

- ကလေးဝမြို့နယ်၊ ကနီမြို့နယ်နှင့် မင်းကင်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၉၈ ရွာနှင့် ကနီမြို့မှာ ရေနစ်မြုပ်မည့်ဧရိယာတွင် ပါဝင်သည်။

- ဘူမိဗေဒအခြေအနေ ရှုပ်ထွေးခြင်း၊ မီးတောင်လှုပ်ရှားမှုဆိုင်ရာ Ractivation ပြောင်းလဲမှုများနှင့် ဆက်စပ်သည့် မသေချာမှုများ ရှိနေခြင်း

***